# Security Alert

## Game ကစားနေတုန်း လုံခြုံနေစေဖို့

Steam gaming platform က server တွေလည်း hack ခံရနိုင်တာကြောင့် game ကစားနေတဲ့ အချိန်အတွင်းမှာ ကိုယ်က သားကောင် ဖြစ်သွားနိုင်ပါတယ်။



### ခက်ခဲတဲ့ password သုံးပါ

ကိုယ့်ရဲ့ password ဟာ ကိုယ့်ရဲ့ ကိုယ်ရေးကိုယ်တာ အချက်အလက်တွေကို ကာကွယ်ပေးတဲ့ ပထမဆုံးသော ခံစစ်တစ်ခု ဖြစ်ပါတယ်။ Password ပေးတာဟာ ကိုယ့်ရဲ့ data တွေကို ကိုယ်တိုင်ထိန်းချုပ်နိုင်တဲ့အတွက်ကြောင့် password ကောင်းကောင်း ပေးထားသင့်ပါတယ်။ Password ပေးတဲ့အခါမှာ စကားစုတစ်ခုထဲမှာ မတူညီတဲ့စာလုံးတွေကို ထည့်သွင်း အသုံးပြုသင့်ပါတယ်။ ပြီးတော့ ကိုယ်တစ်ယောက်တည်းသိတဲ့ ဆောင်ပုဒ်တွေ၊ လက်ာတွေကိုလည်း ထည့်ထားသင့်ပါတယ်။ အသုံးပြုသူတစ်ဦးအနေနဲ့ How to build better passwords without losing your minds *(find.pcworld.com/ 72119)* မှာ လေ့လာကြည့်နိုင်ပါတယ်။

> Game ကစားနေစဉ်မှာ online banking လုပ်နေတာလောက် security နဲ့ပတ်သက်ပြီး စိုးရိမ်စရာမလိုဘူးလို့ထင်နိုင်ပါတယ်။ ဒါပေမဲ့ PlayStation Network က data တွေလည်း တိုက်ခိုက်ခံရပါတယ်။

### Game ကစားဖို့ email account တစ်ခု သီးသန့်ထားပါ

Game ကစားဖို့ email account တစ်ခုသီးသန့်ထားရှိသင့်ပါတယ်။ တစ်ယောက်ယောက်က ကိုယ် game ကစားတဲ့ account ကတစ်ဆင့် gmail လိပ်စာကိုသိပြီး spam တွေကို ပို့နိုင်ပါတယ်။ ဒါပေမဲ့ ကိုယ်က game ကစားဖို့အတွက် account သပ်သပ်ထားတာကြောင့် ပို့လိုက်တဲ့ spam တွေက အဲဒီ account ထဲကိုပဲ ရောက်သွားမှာ ဖြစ်ပါတယ်။ Game ကစားဖို့အတွက်ပဲ အသုံးပြုတာမို့ ပျက်ဆီးဆုံးရှုံးမှုတွေရှိခဲ့ရင်လည်း အရေးမကြီးပါဘူး။ ဒါ့ပြင် ကိုယ့်ရဲ့ main account ကိုလည်း spam တွေ လွှမ်းမိုးနိုင်မှာ မဟုတ်တော့ပါဘူး။ Game ကစားတဲ့ account ကိုလည်း password လုံလုံခြုံခြုံပေးထားသင့်ပါတယ်။

### Facebook game များကို သတိထားပါ

Facebook ပေါ်က game တွေကို (FarmVille, Mafia Wars) ကစားတဲ့အခါ သတိထားကစားဖို့လိုပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ game တွေဟာ ကိုယ့်ရဲ့ facebook profile က personal data တွေကို ခိုးယူနိုင်တာကြောင့် ဖြစ်ပါ တယ်။ ဒါကြောင့် ကိုယ့်ရဲ့ privacy ကို ဂရုစိုက်တယ် ဆိုရင်တော့ invite လုပ်သမျှ ကို လက်မခံဘဲ ကိုယ်ယုံကြည်တဲ့ developer တွေဆီက app တွေကိုသာ လက်ခံပါ။

### Steam guard က ကိုယ့်ရဲ့မိတ်ဆွေ

ကိုယ်က Steam service ကိုအသုံးပြုတယ်ဆိုရင် Steam Guard (find.pcworld.com/72453) ကို အသုံးပြုပါ။ ဒါက steam account

တွေကိုလုံခြုံဖို့အတွက် ထည့်ထားတဲ့ feature တစ်ခုဖြစ်ပါတယ်။ Computer အသစ်ကနေ Steam မှာ sing in လုပ်တဲ့အခါတိုင်း ကိုယ့်ရဲ့ အတည်ပြုချက်ကိုတောင်းခံတဲ့ email တစ်စောင်ကို response ပြန်ပေးရမှာဖြစ်ပါတယ်။ ဒီအဆင့်ဟာ ကိုယ့်ရဲ့ခွင့်ပြုချက်မရဘဲ account ထဲကိုဝင်ပြီး game တွေဝယ်တာ ၊ ကိုယ့်ရဲ့ personal data တွေကို ရယူတာတွေကနေ ကာကွယ်ပေးပါလိမ့်မယ်။ ■

## Bluray encryption ကို researcher များက crack လုပ်ခြင်း

Blu-ray encryption ကို crack လုပ်ရင် ဘယ်လောက်ကုန်ကျနိုင်ပါသလဲ။ သိပ်မများပါဘူး။ ဂျာမနီနိုင်ငံ Ruhr တက္ကသိုလ် secure hardware group က Intel ရဲ့ blue-ray နဲ့ ကာကွယ်ထားတဲ့ encryption protocol နဲ့ high-definition media ကို ၂၆၇ ဒေါ်လာပဲကျသင့်တဲ့ custom board ကိုအသုံးပြုပြီး crack လုပ်ခဲ့ပါတယ်။ TV ၊ ဒါမှမဟုတ် PC ပေါ်မှာ Blu-ray ရုပ်ရှင်တွေကိုကြည့်တဲ့အခါ လွန်ခဲ့တဲ့ ဆယ်စုနှစ်တစ်ခုစာလောက်တည်းက Intel ရဲ့ high-bandwidth digital content protection protocol က HD channel ကို encrypt နဲ့ copy-protect လုပ်ပေးထားပါတယ်။

Hacker တွေက HDCP master key ကို ၂၀၁၀ ခုနှစ်၊ စက်တင်ဘာလ ၁၀ ရက်တည်းကစပြီး crack လုပ်ခဲ့ပါတယ်။ အဲဒီအချိန်တုန်းက Intel က ဒါကို minor threat တစ်ခုလို့ပဲ သဘောထားခဲ့ပါတယ်။ Fox News အရ code ကို အသုံးပြုဖို့အတွက် ကိုယ်ပိုင် computer chip တွေ ထားရှိရမယ်လို့ ဆိုပါတယ်။ University researcher တွေကတော့ တခြားနည်းလမ်းတစ်ခုကို တွေ့ရှိခဲ့ပါတယ်။

Intel ရဲ့ HDCP encryption ကို crack လုပ်ဖို့ ဈေးသက်သာပြီး program နဲ့ ထိန်းချုပ်အသုံးပြုနိုင်တဲ့ gate-array board တစ်ခုကိုဆင်ကာ man-in-the-middle attack ကိုအသုံးပြုခဲ့ပါတယ်။ ဒီ board ဟာ blue-ray player နဲ့ HDTV တွေကြားထဲက ဆက်သွယ်ချက်ကို ထိန်းချုပ်ပြီး decode လုပ်နိုင်ပါတယ်။

Researcher တွေက process ကို ခိုးချဖို့ ဘယ်တော့မှ မတီထွင်ပါဘူး။ ဘာလို့လဲဆိုတော့ ခိုးချသူတွေဟာ ပိုပြီးရိုးရှင်းတဲ့နည်းလမ်းတွေကို ရှာတွေ့ပြီးဖြစ်လို့ပါ။ Researcher တွေရဲ့ ရည်ရွယ်ချက်ကတော့ HDCP system ကို လုံခြုံအောင်လုပ်ဖို့အဓိကကျတဲ့ စမ်းသပ်လေ့လာချက်တွေ၊ အမှန်တစ်ကယ်ကုန်ကျတဲ့ ငွေရေးကြေးရေးဆိုင်ရာဆုံးဖြတ်ချက်တွေ ပြုလုပ်နိုင်ဖို့ ဖြစ်တယ်လို့ RUB က electrical engineering and information technology က Tim Guneysu က ပြောပြခဲ့ပါတယ်။ ■

## PRIVACY WATCH

Copyright နဲ့ ပတ်သက်တဲ့ဥပဒေတွေကို လွှတ်တော်က Stop Online Piracy Act ၊ ဒါမှမဟုတ် Protect IP Act ဆိုပြီး သတ်မှတ်ပြဋ္ဌာန်းထားပေမယ့် အမေရိကန် justic department က black list နဲ့ block access မလုပ်နိုင်သေးတဲ့ website တွေကတော့ copyright ကို ထိပါးနေတုန်းပါပဲ။ အသုံးပြုသူရဲ့ PC ကတစ်ဆင့် ပို့လွှတ်လိုက်တဲ့ email တစ်စောင်ကနေပြီး ထွက်ရှိလာတဲ့ data packet တွေ ဘယ်သွားတယ်၊ ဘယ်သူရှိရာကိုသွားလဲ ဆိုတာတွေကို သိနေနိုင်ပါတယ်။

### Protecting your privacy

ကိုယ့် computer ရဲ့ data တွေကို encrypt လုပ်ထားသင့်ပြီး oversea တွေမှာရှိရင် VPN တွေကို လုံခြုံအောင်ထားသင့်ပြီး block လုပ်ထားတဲ့ site တွေကို ဝင်မကြည့်သင့်ပါဘူး။ SSL encryption ကို စိတ်ချအောင်လုပ်ထားသင့်ပြီး HTTPS free tool တွေကိုလည်း သုံးသင့်ပါတယ်။ VPN ဝန်ဆောင်မှုတွေဖြစ်တဲ့ Tor Network ၊ Xero Bank ၊ ဒါမှမဟုတ် အလားတူ service တွေကိုလည်း အသုံးပြုသင့်ပါတယ်။ *(find.pcworld.com/72449)* နက်နက်နဲနဲကာကွယ်ပေးနိုင်တဲ့ ဈေးသက်သာတဲ့ software တွေကိုသုံးပြီး ကာကွယ်သင့်ပါတယ်။ ■



အောင်ရဲမောင်မောင်

## တစ်နေ့တည်းနဲ့ download လုပ်သူ တစ်သန်း ရှိခဲ့တဲ့ Windows 8 beta

Windows 8 beta ကို web ပေါ်မှာတင်ပြီး နောက်တစ်နေ့မှာတင် download လုပ်တဲ့သူ တစ်သန်းရှိခဲ့တယ်လို့ သိရပါတယ်။ ဒီလို download လုပ်တဲ့အရေအတွက်က Microsoft အတွက် မှတ်တိုင်တစ်ခုဖြစ်ခဲ့တယ်လို့လည်း သိရပါတယ်။ ဒါကိုကြည့်ခြင်းအားဖြင့် Windows user တွေကလည်း Windows 8 အပေါ် ထားရှိတဲ့ စိတ်ဝင်စားမှုကိုလည်းသိနိုင်ပါတယ်။ ■